# အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ခြင်း

ကလေးသူငယ်သည် အသက် 18 နှစ် ပြည့်သောအခါ အရွယ်ရောက်ပြီးသူအဖြစ် သတ်မှတ်ခံရပြီး နေ့စဉ်ဘဝလည်ပတ်နေထိုင်မှုကို မည်မျှအဆင့်ဖြင့် ဆောင်ရွက်နိုင်သည်ဖြစ်စေ မိမိကိုယ်ကိုယ် အပြည့်အဝ တာဝန်ယူရသည်။ ငွေကြေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ အသက်မွေးလုပ်ငန်းဆိုင်ရာ၊ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အကူအညီလိုအပ်သော အရွယ်ရောက်ခါစ လူငယ်များအတွက် အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ခြင်း အသွင်သဏ္ဍာန်တစ်ရပ် သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြုရန် စူးစမ်းကြိုးပမ်းသင့်သည်။ အသုံးပြုနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရှေ့နေ၏အကူအညီကို ရယူနိုင်သော်လည်း ကန့်သတ်ချုပ်ချယ်မှု အနည်းပါးဆုံးဖြစ်သော နည်းလမ်းကို ရွေးချယ်အသုံးပြုရန် စီစဉ်ဆောင်ရွက်သင့်သည်။

မိမိ၏ အရွယ်ရောက်ပြီးသော ကလေးသည် ဘဝနေထိုင်မှု၏ နယ်ပယ်တိုင်းအတွက် အကူအညီလိုအပ်သူ မဟုတ်ပါက အပြည့်အဝအုပ်ထိန်းမှုကို မလိုအပ်ကြောင်း သတိချပ်ရန် အရေးကြီးသည်။ အကန့်အသတ်ဖြင့်အုပ်ထိန်းမှုတွင် အောက်ဖော်ပြပါ စည်းမျဉ်းများသည် မိမိ၏ အုပ်ထိန်းမှုအောက်တွင် ရှိသော နယ်ပယ်များအတွက်သာ အကျုံးဝင်သည် -

ဤအခြားနည်းလမ်းများကို စေ့စေ့စပ်စပ် စဉ်းစားပိုင်းခြားပြီးနောက် မိမိကလေးသည် အမှီအခိုကင်းစွာ သို့မဟုတ် အနည်းငယ်သော အထောက်အပံ့မျှဖြင့် သီးခြားရပ်တည်နိုင်စွမ်း မရှိခြင်းကြောင့် အုပ်ထိန်းသူထားရှိခြင်းသည် မိမိကလေး၏ အရွယ်ရောက်ပြီးဘဝအတွက် အထောက်အကူပေးရန် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ဆုံးဖြတ်ပြီးပါက မိမိအနေဖြင့် အချို့တာဝန်များကို ယူရမည်ဖြစ်သည်။ အုပ်ထိန်းသူတစ်ဦးအဖြစ် စတင်တာဝန်ယူဆောင်ရွက်ပါက ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသော အချက်များကို ဤ အချက်အလက်ပြဇယားတွင် ဖော်ပြထားသည်။



မွမ်းမံပြင်ဆင်ချက်
11.2022

INDIANA Family to Family
SUPPORT · CONNECT · ELEVATE

## အုပ်ထိန်းသူအဖြစ် မည်သို့လျှောက်ထားရမည်နည်း

အုပ်ထိန်းသူအဖြစ် လျှောက်ထားမှုသည် Indiana ပြည်နယ်တွင် ကောင်တီအလိုက် ကွဲပြားသော ဥပဒေရေးရာ လုပ်ငန်းစဉ်ဖြစ်သည်။ အုပ်ထိန်းသူအဖြစ် လျှောက်ထားခြင်းကို ကလေး၏ အသက် 18 နှစ်ပြည့် မွေးနေ့မတိုင်မီ လချီကြိုတင်၍ စတင်ဆောင်ရွက်နိုင်သော်လည်း တရားရုံးလုပ်ငန်းစဉ်များကိုမူ ကလေး၏ အသက် ၁၈ နှစ်ပြည့် မွေးနေ့ ကျော်လွန်မှသာ ဆောင်ရွက်လေ့ရှိသည်။

- ရှေ့နေတစ်ဦး ငှားရမ်းပါ။ ရှေ့နေသည် အုပ်ထိန်းသူအဖြစ်လျှောက်ထားခြင်း ကိစ္စရပ်များနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်စေရန် သတိချပ်ပါ။ သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေ သို့မဟုတ် မိသားစုဆိုင်ရာ ဥပဒေကို အသုံးပြုလုပ်ဆောင်ရသည့် အမှုကိစ္စများကို လိုက်ပါဆောင်ရွက်သော ရှေ့နေသည် ပုံမှန်အားဖြင့် ဤကိစ္စရပ်များနှင့် ရင်းနှီးကျွမ်းဝင်သည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်သည် ကျန်းမာရေးချို့ယွင်းချက်ကြောင့် မလှုပ်ရှားမဆောင်ရွက်နိုင်သူဖြစ်ပါက ၎င်း၏ ဆရာဝန်ထံမှ ၎င်းသည် ငွေကြေးကိစ္စရပ်များ စီမံခန့်ခွဲခြင်း သို့မဟုတ် အခြား ပုဂ္ဂလဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်း မပြုနိုင်ကြောင်း အတည်ပြုထားသည့် ဆရာဝန်အစီရင်ခံစာ သို့မဟုတ် အသိပေးစာကို တောင်းခံရယူပါ။
- အုပ်ထိန်းခံပုဂ္ဂိုလ်၏ ကျန်းမာရေး၊ ငွေကြေးဆိုင်ရာနှင့် အခြား ကိစ္စရပ်များအကြောင်း ကောင်းစွာ သိရှိနားလည်ရန် ဆောင်ရွက်ထားပါ။
- အုပ်ထိန်းသူအဖြစ် လျှောက်ထားခြင်းကို တရားရုံးတော်သို့ တင်ပြပါ။
- ထိုသို့တင်ပြမှုအတွက် ကျသင့်သည့် အဖိုးစားနားကို ပေးချေပါ။
- မလှုပ်ရှားမဆောင်ရွက်နိုင်ဟု သတ်မှတ်ထားသည့် အုပ်ထိန်းခံပုဂ္ဂိုလ်သည် ထိုသို့လျှောက်ထားမှုကို သဘောတူလက်ခံပါက သို့မဟုတ် မသန်စွမ်းမှုကြောင့် မေးခွန်းများကို တုံ့ပြန်နိုင်ခြင်း မရှိပါက တရားရုံးတော်သည် တရားခွင်ကြားနာမှုကို ချိန်းဆို၍ သက်သေခံများက လျှောက်ထားမှုတွင် ဖော်ပြထားချက်များသည် မှန်ကန်မှုရှိကြောင်း ကျိမ်းကျိန်၍ သက်သေထွက်ဆိုရမည် ဖြစ်သည်။
- အုပ်ထိန်းသူအဖြစ် ရွေးချယ်ခန့်အပ်ပြီးပါက တရားသူကြီးသည် (“အုပ်ထိန်းသူအဖြစ် ခန့်အပ်စာလွှာများ” ဟု ခေါ်ဆိုသည့်) အုပ်ထိန်းမှုဆိုင်ရာ ဥပဒေစာရွက်စာတမ်းများကို ထုတ်ပေးပြီး ဥပဒေအရ မလှုပ်ရှားမဆောင်ရွက်နိုင်သော အုပ်ထိန်းခံပုဂ္ဂိုလ်ကိုယ်စား ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ကို အုပ်ထိန်းသူထံ ပေးအပ်မည်ဖြစ်သည်။

## အုပ်ထိန်းသူ၏ တာဝန်များ

အုပ်ထိန်းသူသည် အုပ်ထိန်းခံပုဂ္ဂိုလ်၏ မိဘအရင်း ဖြစ်နေစေကာမူ တရားရုံးတော်က အုပ်ထိန်းသူအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို သတ်မှတ်ထားသည်။ ဤတွင် အုပ်ထိန်းခံပုဂ္ဂိုလ်နှင့် ၎င်း၏ပိုင်ဆိုင်မှုများကို ကာကွယ်စောင့်ရှောက်ပေးခြင်း ပါဝင်သည်။ **အုပ်ထိန်းခံပုဂ္ဂိုလ်၏ ဝင်ငွေ၊ ပိုင်ဆိုင်မှုများနှင့် အသုံးစရိတ်တို့ကို အုပ်ထိန်းသူက တရားရုံးတော်သို့ နှစ်နှစ်လျှင် တစ်ကြိမ် မပျက်မကွက် တင်ပြရမည်။** ထို့အပြင် အောက်ပါတာဝန်တို့ကိုလည်း ဆောင်ရွက်ရမည် -

- အုပ်ထိန်းခံပုဂ္ဂိုလ်အတွက် အကျိုးအရှိဆုံးဖြစ်စေရန် ရွေးချယ်ဆောင်ရွက်ရမည်။
- အုပ်ထိန်းသူ၏ ငွေကြေးကို အုပ်ထိန်းခံပုဂ္ဂိုလ်၏ ငွေကြေးနှင့် မရောနှောဘဲ သီးခြားစီ ထားရှိရမည်။
- ငွေကြေး၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနှင့် အခြားပိုင်ဆိုင်မှုများကို စာရင်းပြုစုမှတ်သားရမည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်၏ ငွေကြေးနှင့် ဝယ်ယူသောအရာများ အားလုံးအတွက် ပြေစာများကို သိမ်းဆည်းထားရမည်။
- သွင်းငွေနှင့် အသုံးစရိတ်များ အားလုံးကို ဖော်ပြထားသည့် ချက်လက်မှတ်မှတ်တမ်း နှင့်/သို့မဟုတ် စာရင်းဇယားကို ရေးဆွဲထားရှိပြီး နောက်ဆုံးအချက်အလက်များအတိုင်း ပုံမှန်မွမ်းမံရမည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်၏ တစ်ကိုယ်ရေပိုင်ဆိုင်မှုများကို ကာကွယ်စောင့်ရှောက်ရမည်။
- အုပ်ထိန်းခံပုဂ္ဂိုလ် ပိုင်ဆိုင်သော မည်သည့်အရာကိုမဆို မရောင်းချမီ၊ ကုန်ကျမှုပမာဏများပြားပြီး သာမန်နှင့်ကွဲလွဲသော ဝယ်ယူမှု တစ်စုံတစ်ရာကို အုပ်ထိန်းခံပုဂ္ဂိုလ်၏ ငွေကြေးဖြင့် ဝယ်ယူခြင်းမပြုမီ၊ နှင့် အုပ်ထိန်းခံပုဂ္ဂိုလ်ကို မူလဇာတိမြို့မှ ရွှေ့ပြောင်းခြင်းမပြုမီ တရားရုံးတော်ထံမှ ခွင့်ပြုချက် တောင်းခံရမည်။
- ကောင်းမွန်သော ရင်းနှီးမြှုပ်နှံသူကဲ့သို့ (နှင့် တရားရုံးတော်၏ ညွှန်ကြားချက်ကိုလိုက်နာ၍) အုပ်ထိန်းခံပုဂ္ဂိုလ်၏ ပိုင်ဆိုင်မှုများကို ကာကွယ်စောင့်ရှောက်ခြင်း နှင့်/သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်း ဆောင်ရွက်ရမည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်အတွက် လက်ခံရရှိသော မည်သည့် ငွေကြေး သို့မဟုတ် အခြားပစ္စည်းများကိုမဆို အုပ်ထိန်းခံပုဂ္ဂိုလ်၏ အခန်းနှင့် နေထိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ လေ့ကျင့်ရေး၊ ပညာရေးနှင့် အခြားဝန်ဆောင်မှုများအတွက် မပျက်မကွက် အသုံးပြုရမည်။

- ဤတာဝန်များကို လိုက်နာဖြည့်ဆည်းရန် ပျက်ကွက်ပါက အုပ်ထိန်းသူသည် ပျက်ကွက်မှု၊ မရိုးသားမှု၊ နှင့် လိမ်လည်မှုတို့အတွက် အုပ်ထိန်းခံပုဂ္ဂိုလ်ထံ တာဝန်ခံရနိုင်သည်။

**အုပ်ထိန်းသူ၏ လွတ်လပ်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ**

အုပ်ထိန်းသူများသည် အုပ်ထိန်းမှုဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် လွတ်လွတ်လပ်လပ် စီမံဆောင်ရွက်ပိုင်ခွင့်ရှိပြီး တစ်ခုတည်းသော ကန့်သတ်ချက်မှာ မိမိ၏ ဆုံးဖြတ်ချက်တိုင်းကို "ဤဆုံးဖြတ်ချက်သည် မိမိ၏ အုပ်ထိန်းခံပုဂ္ဂိုလ်အတွက် အကောင်းဆုံးဖြစ်ပါသလား" ဟူသော မေးခွန်းဖြင့် ချိန်ထိုးစဉ်းစားရန် ဖြစ်သည်။ အဆိုပါမေးခွန်းအတွက် အဖြေမှာ "ဖြစ်ပါသည်" ဟု ဖြစ်နေသရွေ့ အုပ်ထိန်းသူသည် အောက်ပါနည်းလမ်းများအတိုင်း မိမိ၏ တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်သည်။

- ဂရုစိုက်စောင့်ရှောက်မှုပေးသူများကို စီမံခန့်ခွဲ၍ သင့်လျော်သောလုပ်ခနှုန်းထား ပေးချေနိုင်သည်။
- တာဝန်အချို့ကို အုပ်ထိန်းခံပုဂ္ဂိုလ် (၎င်းအနေဖြင့် တာဝန်ယူနိုင်စွမ်းရှိပါက) နှင့်/သို့မဟုတ် အခြားသူများထံ လွှဲပြောင်းခွဲဝေပေးနိုင်သည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်အတွက် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် သဘောတူညီချက်ပေး၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်သည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်ကို Indiana ပြည်နယ်အတွင်း သို့မဟုတ် ပြင်ပရှိ တစ်နေရာရာသို့ ပြောင်းရွှေ့နေထိုင်စေနိုင်သည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်အတွက် အသိုက်အဝန်းဆိုင်ရာ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ နှင့် ကုသရေးဆိုင်ရာ ဝန်ဆောင်မှုများ စီစဉ်ဆောင်ရွက်ပေးနိုင်သည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်အတွက် (SSI, Medicaid နှင့် Medicare ကဲ့သို့) အစိုးရ အကျိုးခံစားခွင့်များ လျှောက်ထားပေးနိုင်သည်။
- အုပ်ထိန်းခံပုဂ္ဂိုလ်၏ လိုအပ်ချက်များအတွက် စာချုပ်များချုပ်ဆိုနိုင်ပြီး ၎င်းအတွက် ငွေကြေးနှင့် အခြားပစ္စည်းများ လက်ခံရယူနိုင်ကာ တစ်ခုတည်းသော ကန့်သတ်ချက်မှာ ၎င်းတို့ကို အုပ်ထိန်းခံပုဂ္ဂိုလ်၏ လိုအပ်ချက်များအတွက်သာ အသုံးပြုရမည်။
- အုပ်ထိန်းသူအနေဖြင့် အုပ်ထိန်းခံပုဂ္ဂိုလ်၏ အကြွေးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်နေခြင်း မရှိပါက ၎င်းအကြွေးများအတွက် ပေးဆပ်ရန် တာဝန်မရှိပါ။

- အုပ်ထိန်းသူတာဝန်ကို အချိန်ပေးဆောင်ရွက်ရခြင်းအတွက် အဖိုးအခတောင်းခံနိုင်သည်၊ သို့ရာတွင် မဖြစ်မနေတောင်းခံရန် မလိုအပ်ပါ။ ယင်းအဖိုးအခသည် ဆီလျော်သင့်တော်မှုရှိရန်နှင့် တရားရုံးတော်၏ ခွင့်ပြုချက်ကို လိုအပ်ကာ အုပ်ထိန်းသူသည် အုပ်ထိန်းသူတာဝန်ကို အချိန်ပေးဆောင်ရွက်ခဲ့သည့် အချိန်ပမာဏ၊ ဆောင်ရွက်ခဲ့သည့် ရက်စွဲတစ်ခုစီနှင့် ယင်းအချိန်အတွင်း မည်သည့်ကိစ္စရပ်များ ဆောင်ရွက်ခဲ့သည်ကို အသေးစိတ် မှတ်တမ်းတင်ထားရမည်။

အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပိုမိုသိရှိလိုပါက ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည် သို့မဟုတ် 1-844-323-4636 ကို ဖုန်းခေါ်ဆို၍ဖြစ်စေ info@inf2f.org သို့ အီးမေးလ်ပေးပို့၍ဖြစ်စေ Indiana Family to Family ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို The Arc of Indiana က http://www.arcind.org/future-planning/guardianship/#09 တွင် ဖော်ပြထားပါသည်။

အစီအစဉ်များနှင့် စနစ်များသည် မကြာခဏ ပြောင်းလဲတတ်သည်။ နောက်ဆုံးပြောင်းလဲမှုနှင့်ကိုက်ညီသည့် သတင်းအချ Medicaid Waivers: ဤအချက်အလက်ပြဇယားကို 2022 ခုနှစ်တွင် နောက်ဆုံးအကြိမ် မွမ်းမံပြင်ဆင်ထားပါသည်။ နောက်ဆုံးပြင်ဆင်ထားသည့် မူကို ရှာဖွေဖတ်ရှုနိုင်ရန် https://www.inf2f.org/fact-sheets.html ကို အသုံးပြုပါ။ ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ စီမံရေးအဖွဲ့ (HRSA) ၏ ရန်ပုံငွေထောက်ပံ့မှု တစ်စိတ်တစ်ပိုင်း ပါဝင်သည်။